

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ

(၂၀၁၆ခုနှစ်၊ဇန်နဝါရီ–ဒီဇင်ဘာ)


Network for Human Rights Documentation - Burma
ND - Burma

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)

မျက်နှာဖုံးဓါတ်ပုံ - KWAT မြန်မာစစ်သားများက မီးရှို့ခဲ့သော အိမ်၊ မုန်းကိုးမြို့ ရှမ်းပြည်နယ်။

ပုံနှိပ် - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)၊ ဇန်နဝါရီ ၂၀၁၇။

GPO 315, Chiang Mai 50000, Thailand
T/F - +66 (0) 53 304 404
office@nd-burma.org, www.nd-burma.org

# ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရယ် ရှိသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ND-Burma ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက် ယူပေးခဲ့သော ကွင်းဆင်း သတင်း ကောက်ယူသူ အားလုံးအား ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အရေးကြီးသည့် အကူအညီများပေးခဲ့သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား အထူးပင် ကျေးဇူးတင်ပါသည်။

OSF ၏ ပံ့ပိုးကူညီမှု မရှိဘဲနှင့်လည်း အစီရင်ခံစာ ဖြစ်မြောက်လာမည် မဟုတ်သည့် အတွက် ငွေကြေး အကူအညီပေးခဲ့သည့် Open Society Foundation ကိုလည်း ကျေးဇူးတင် ရှိပါသည်။

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

**ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ**

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၊ ND-Burma၏ကွင်းဆင်းအချက်အလက် ကောက် ယူသူများသည် လူ့အခွင့်အရေးမှတ်တမ်းများ ကောက်ယူရာတွင် အကြီးအကျယ် အန္တရာယ် ရှိသည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ လူ့အခွင့်အရေးစောင့်ကြည့် လေ့လာသူများသည် အစိုးရ၏ အငြိုးထားမှုခံရသည့်အပြင် မျက်ခြေမပြတ် စောင့်ကြည့်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီး၊ ထောင်ချခံရမည့် အခြေအနေများနှင့် အမြဲတစေရင်ဆိုင်ရသည်။ လုံခြုံရေးအခြေအနေကြောင့် လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့်အတွက် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့် အရေး အခြေအနေအားလုံးအား ထပ်ဟပ် ဖော်ပြနိုင် ခြင်းမရှိပေ။

အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင်ပင် ကွင်းဆင်းအချက်အလက်ကောက်ယူသူများနှင့် ၎င်းတို့ဆက်သွယ်သည့် ပြည်သူလူထုမှာ လုံခြုံရေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်နှင့် ရဲတပ်ဖွဲ့က ကျူးလွန်ချိုးဖောက်ခံရသူများကို ဆိတ်ဆိတ်နေကြရန် မကြာခဏ ခြိမ်းခြောက်၊ သတိပေးနေ၍ဖြစ်သည်။ အကယ်၍စစ်တပ်နှင့် ရဲတို့က ကွင်းဆင်းသတင်းကောက်ယူသူတဦးအား ၎င်းမှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက်များနှင့်အတူတွေ့ရှိပါက၊ အဆိုပါ ကွင်းဆင်းသမားသည် မတရားသည့် ဥပဒေများအရ အရေးယူခံရနိုင်ခြင်း၊ ဟန့်တားနှောင့်ယှက်ခန့်ရခြင်းနှင့် အကြမ်းဖက် နှိပ်စက်ခြင်း ခံရနိုင်သည်။

ကွင်းဆင်း၍ အချက်အလက်ကောက်ယူနေကြသူများသည် အဖြစ်အပျက်များအား ပြောပြ၊ သတင်းပေးသူများအပေါ် အခြေခံ၍ မှတ်တမ်းတင်ကြရသည်။ ထို့ကြောင့် ကွန်ရက်၏ ကွင်းဆင်း အချက်အလက် ကောက်ယူသူများ၏ အဆက်အသွယ်များသည် နောက်ထပ် သတင်းပေးနိုင်မည့် အဆက်အသွယ်များ၊ တွေ့ဆုံမေးမြန်းခွင့်ပေးမည့် လူပုဂ္ဂိုလ်များ၊ ရပ်ရွာခေါင်းဆောင်များနှင့် အစိုးရဝန်ထမ်းများ ရရှိလာအောင် ဆောင်ရွက်ရသည်။

**မှတ်တမ်းတင်ခြင်း** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma)သည်နိုင်ငံတကာလူ့အခွင့်ရေး အန်ဂျီအိုများ၏ ကူညီမှုဖြင့် ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူသူများကို သင်တန်းပေးသည်။ ထို့နောက် ကွင်းဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခုအတွင်း၊ တွေ့ဆုံမေးမြန်း၍ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ကူ စုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့် အခွင့်အလန်းနှင့် အခြေအနေအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံသည့် အချိန်ကာလအတွင်း ဖြစ်ရပ်များသည် အစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ (EAOs)များ ကျူးလွန်မှုများ ဖြစ်သည်။

မျက်မြင်သက်သေများမှပြောသော အချက်အလက်များနှင့် လေ့လာသူများက အတည်ပြုပေးသော အချက်အလက်များအရ မြန်မာအစိုးရတပ်ဖွဲ့များဖြစ်သည့် စစ်တပ်၊ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်နှင့် ရဲတို့ကအများဆုံး ကျူးလွန်ကြပြီး၊ ကျန်သည့် ချိုးဖောက်မှုများကို EAOs များဘက်မှ ကျူးလွန်ကြခြင်း ဖြစ်သည်။

သို့သော်လည်း မိမိတို့အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက်အချို့နှင့် ကြုံတွေ့ရသည်။ ပထမအချက်အနေဖြင့် လုံခြုံရေး တင်းကြပ်ထားမှုကြောင့် မြန်မာနိုင်ငံတဝှန်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ND-Burma မှ ကွင်းဆင်း သတင်းကောက်ယူ သူများသည် စုဆောင်း၊ မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။

**ဒုတိယအနေဖြင့် –** လက်ရှိစစ်ပွဲများ ဖြစ်ပွားနေခြင်းနှင့် စစ်ပွဲကြောင့် ထွက်ပြေး၊ တိမ်းရှောင်နေရမှုတို့ကလည်း ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ဒေသများသို့ သွားရောက် မှတ်တမ်းတင်ရန်အတွက် အတားအဆီးများ ဖြစ်ပေါ်စေသည်။

ND-Burma အနေဖြင့် လတ်တလောတွင် ရခိုင်ပြည်နယ်၌ မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် ရခိုင်ဒေသမှ လူ့အခွင့်အရေးအခြေအနေကို ထည့်သွင်းနိုင်ခြင်းမရှိပေ[၁]။

နောက်ဆုံးအနေဖြင့် စစ်တပ်အနေဖြင့် အပစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူတို့မှာလည်း လက်စားချေ၊ ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့နေမှု ရှိနေသဖြင့် ထုတ်ဖော်ပြောဆိုရန် အခွင့်အရေး ရနေသည့်တိုင်အောင် ပြောဆိုရန် ဝန်လေးနေကြခြင်း တို့ကြောင့်ဖြစ်သည်။

နောက်ထပ် သတင်းအချက်အလက်များကို သတင်းမီဒီယာများနှင့် NGO အစီရင်ခံစာများမှ ရရှိပါသည်။

**အချက်အလက်စီမံခန့်ခွဲမှု –** လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူစုဆောင်းသူများ ပေးပို့လာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိဝန်ထမ်းများက ကွန်ရက်မှ တပြေးညီအသုံးပြုသည့် Martus ခေါ် ဒေတာဘေ့စ်အတွင်း သတင်းအချက်အလက်များ ထည့်သွင်းသည်။

ND-Burma ၏ အချက်အလက် စီမံခန့်ခွဲရေးအလုပ်အဖွဲ့ (Data Management Team) က အချက်အလက်များအား သုံးသပ်၍၊ ပြင်ဆင်စုစည်းပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများအနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော်သည့် အဖြစ်အပျက်များကိုရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြားသတင်း အချက်အလက် များကိုလည်း ပိုမိုအားကောင်းသည့် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်း ထားမည်သည်။

1 For more information on human rights violations and transitional justice see United Nations A/RES/60/147, 'Basic principles and guidelines on the right to a remedy and reparation for victims of gross violations of international human rights law and serious violations of international humanitarian law', Sixtieth Session, 16 December, http://hrlibrary.umn.edu/instree/res60-147.html

# အကျဉ်းချုပ်

၂၀၁၆ ခုနှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ အံ့သြဖွယ်ရာ များပြားလျက်ရှိရာ တနှစ်လုံးတွင် ချိုးဖောက်မှု ၁၅၄ ခုကို မှတ်တမ်းတင်နိုင်သည်။ ၂၀၁၅ ခုနှစ်အတွင်း မှတ်တမ်းတင်နိုင်ခဲ့သည့် ချိုးဖောက်မှု ၈၄ မှုထက် ၂ ဆနီးပါး များပြားနေခြင်းဖြစ်သည်။

အဖြစ်များသည့် လူ့အခွင့်အရေးချိုးဖောက်မှုမှာ ညှဉ်းပန်းနှိပ်စက်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း ၆၇ ခုမှတ်တမ်းတင်နိုင်ခဲ့သည်။ သတ်ဖြတ်မှုများမှာလည်း များပြားလာပြီး ၂၈ ခုမှတ်တမ်းတင် နိုင်ခြင်းက နှိုင်းယှဉ်ချက်အရအဆိုလျှင် ၂၀၁၅ ခုနှစ်အတွင်း မှတ်တမ်းတင်နိုင်ခဲ့သည့် ၁၁ ခုထက် များ ပြားနေသည်။

လူ့အခွင့်အရေးချိုးဖောက်မှု များပြားလာရခြင်းမှာ ရှမ်းပြည်မြောက်ပိုင်း၊ ကချင်နှင့် ရခိုင်ပြည်နယ်များတွင် ပဋိပက္ခများ ပိုမိုဖြစ်ပွားနေခြင်းကြောင့်ဖြစ်သည်[၂]။

လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ထက်ဝက်ကျော်မှာ ရှမ်းပြည်နယ်တွင် ဖြစ်ပွားနေသည်။ အဆိုပါဒေသသည် မြန်မာပြည် လူဦးရေ၏ ၁၀% ထက်နည်းပါးသည့် ဒေသဖြစ်သည်[၃]။

မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုအများစုကို မြန်မာ့တပ်မတော်၊ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်နှင့် ရဲတပ်ဖွဲ့က ကျူးလွန်ခြင်းဖြစ်ပြီး၊ ကျန်သည့် ချိုးဖောက်မှုများကို တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) ဘက်မှ ကျူးလွန်ခြင်းဖြစ်သည်။

အကျဉ်းထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများနှင့် တရားစွဲဆိုခံထားရသူ အရေအတွက်မှာ ၂၀၁၅ ခုနှစ်မှစ၍ သိသိသာသာ လျော့နည်းသွားသည်။ သို့သော်လည်း အစိုးရအနေဖြင့် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆ (ဃ) ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသဖြင့် အကျဉ်းသားဦးရေ များပြားလာပြန်သည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် စစ်တပ်သည် နိုင်ငံတော်အာဏာကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားပြီး၊ တပ်မတော်နှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်ကိုကိုယ်ပိုင်လုပ်ပိုင်ခွင့်ရရှိကာ၊ ဥပဒေအရ အရေးယူနိုင်ခြင်းမှ လွတ်ကင်းနေသည်။ ထိုအခြေအနေက NLD ဦးဆောင်သည့် အစိုးရလက်ထက်တွင် အစိုးရ၏ လက်နက်ကိုင်တပ်များအား လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်ရန် ခွင့်ပြုနေသည်။

ခြွင်းချက်အနေဖြင့် ရှမ်းပြည်နယ်တွင် အရပ်သားများအား သတ်ဖြတ်ခဲ့သည့် စစ်သား ၇ ဦးနှင့် ကချင်ကျောင်းသားတဦးအား သတ်ဖြတ်ခဲ့သည့် စစ်သားများအား အပြစ်ပေးခဲ့သည့် ဖြစ်ရပ်နှစ်ခုကို သတိပြုနိုင်သည်။ ထိုဖြစ်ရပ်များက လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် တရားမျှတမှုရှာဖွေရန် အခွင့်အလန်းများ ရှိနေသည်ဟု ပြသနေသည်ဟု ND-Burma မှ ယုံကြည်သည်။

---

2 As outlined in the methodology, ND-Burma does not currently document Human rights violations in Rakhine state

3 Military blockades have made it especially difficult to document in Kachin state where the number of Human rights violations committed is likely significantly higher.

၂၀၁၆ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအ နေအပေါ် ခြုံငုံသုံးသပ်ချက်

ND-Burma မှ ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ် ပထမနှစ်ဝက်အတွက် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာတွင် လူ့အခွင့်အရေးချိုးဖောက်မှု ၉၈ ခုကို မှတ်တမ်း တင်နိုင်ခဲ့ခြင်းက လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာသည်ကို သတိပေးဖော်ပြ နေခြင်းဖြစ်သည်။ ၂၀၁၆ ဒုတိယနှစ်ဝက်တွင်လည်း အလားတူစွာပင် လူ့အခွင့်အရေးချိုးဖောက်မှု များပြားလာသည်ကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည်။ ၂၀၁၆ တနှစ်လုံးတွင် လူ့အခွင့်အရေးချိုးဖောက်မှု ၁၅၄ ခုကို မှတ်တမ်းတင်နိုင်ခဲ့ခြင်းက ၂၀၁၅ ခုနှစ်တွင် မှတ်တမ်းတင်ထားသည့် ချိုးဖောက်မှု ၈၄ ခုထက် နှစ်ဆနီးပါး တိုးလာခြင်း ဖြစ်သည်ဟု နှိုင်းယှဉ်နိုင်သည်[4]။

ညှဉ်းပန်းနှိပ်စက်မှုမှာ အဖြစ်များသည့် လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် ဆက်ရှိနေသည်။ နှိုင်းယှဉ် ချက်အရ ၂၀၁၆ ခုနှစ်တွင် ၆၇ ခု မှတ်တမ်းတင်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၂၆ ခု မှတ်တမ်းတင်နိုင်ခဲ့သည်။ သတ်ဖြတ်မှုများမှာ ဒုတိယအဖြစ်အများဆုံး လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး နှိုင်းယှဉ်ချက်အ ရ ၂၀၁၆ ခုနှစ်တွင် ၂၈ခု ခုနှင့် ၂၀၁၅ ခုနှစ်တွင် ၁၁ ခု မှတ်တမ်းတင်နိုင်ခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခနှင့်အတူ မကြာခဏဖြစ်ပွားသည့် မတရားဖမ်းဆီးချုပ်နှောင်မှု ၁၂ ခုနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း ၁၁ ခုရှိသည်ကိုတွေ့ရသည်။

4 Each human rights violation refers to a specific incident that may have affected a large number of people, therefore the number of human rights violations documented in this report does not correspond to the number of victims - this number is much larger.

# ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ

| စဉ် | အမျိုးအစား | အရေအတွက် |
| --- | --- | --- |
| ၁။ | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ၁၂ |
| ၂။ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၁၃ |
| ၃။ | ပျောက်ဆုံးခြင်း | ၇ |
| ၄။ | အတင်းအဓမ္မ စေခိုင်းခြင်း | ၅ |
| ၅။ | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | ၆ |
| ၆။ | လူကုန်ကူးမှု | ၃ |
| ၇။ | သတ်ဖြတ်ခြင်း | ၂၈ |
| ၈။ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | ၂ |
| ၉။ | အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | ၁ |
| ၁၀။ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ၈ |
| ၁၁။ | ညှင်းပမ်းနှိပ်စက်ခြင်း | ၆၇ |
| ၁၂။ | ကလေးစစ်သားအသုံးပြုခြင်း | ၂ |
| ၁၃။ | ကလေးစစ်သားအသုံးပြုခြင်း | ၂ |
| စုစုပေါင်း | | ၁၅၄ |

# သုံးသပ်ချက်

NLD သည် ရာစုနှစ်ဝက်အတွင်း ပထမဆုံး အရပ်သားအစိုးရအဖြစ် ၂၀၁၆ ခုနှစ် ဧပြီလ ၁ရက်တွင် ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်အား သမ္မတ မဖြစ်စေရန် တားဆီးထားသည်ကို ကျော်လွှားရန်အတွက် လွှတ်တော်က ဖန်းတီးပေးခဲ့သည့် "နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်" ရာထူးအား ဒေါ်အောင်ဆန်းစုကြည် တာဝန်ယူခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲကို NLD အနေဖြင့် တောင်ပြို၊ ကမ်းပြိုအနိုင်ရရှိပြီးနောက်၊ အထက်လွှတ် တော်နှင့် အောက်လွှတ်တော်ရှိ နေရာအတော်များများကို ရရှိသွားသည်။ ဒေါ်အောင်ဆန်းစုကြည်က "ငြိမ်းချမ်းရေး မရှိဘဲနဲ့ ကျွန်မတို့ ဘာမှမလုပ်နိုင်ပါဘူး" ဟု ဆိုကာ ငြိမ်းချမ်းရေးဖြစ်စဥ်သည် NLD အစိုးရ၏ အဓိကဦးစားပေး လုပ်ငန်းဖြစ်သည်ဟု ပြောဆိုခဲ့သည်[၅]။

# ပဋိပက္ခများ

သို့သော်လည်း ၂၀၁၆ ခုနှစ်တွင် ပြင်းထန်သည့် ထိုးစစ်များ တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။ ရလဒ်အနေဖြင့် အစိုးရတပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ ကျူး လွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာခြင်းဖြစ်သည်။

ပဋိပက္ခဖြစ်ပွားသည့် ဒေသအနီးတဝိုက်တွင် အမြဲတန်းတပ်များ လှုပ်ရှားနေခြင်းကြောင့် မှတ် တမ်းတင်ရန် အခက်အခဲများနှင့်ကြုံရသည်။ သို့သော်လည်း တပ်မတော်နှင့် တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့များ တိုက်ပွဲဖြစ်သည့် ရှမ်းပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက် အများဆုံး အဖြစ် ၈၅ ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။

ကချင်ပြည်နယ်တွင်မူ ချိုးဖောက်မှု ၁၃ ခုကိုသာ နည်းပါးစွာ မှတ်တမ်းတင်နိုင်ခဲ့သည်။ အဆိုပါ အရေအတွက်မှာ ကချင်ပြည်နယ်အတွင်း အမှန်တကယ်ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုး ဖောက်မှုများကို ထင်ဟပ်ခြင်းမရှိပေ။ ကချင်ပြည်နယ်အတွင်း ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများ ကြောင့် ရွာသားများအား ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ဆက်သွယ်သည်ဟု သံသ ယဖြစ်ကာ အတင်းအကြပ် ဖမ်းဆီးခြင်းနှင့် ညှဥ်းပန်းနှိပ်စက်ခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက် မှုများကို ဒေသခံ အကူအညီပေးရေးအဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ သိရသည်[၆]။

၂၀၁၆ ခုနှစ်အတွင်း ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ပဋိပက္ခများ အရှိန်မြင့် လာခြင်းကြောင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ တအာန်းအမျိုးသား လွတ်မြောက်ရေးတပ်မ တော် (TNLA)၊ မြန်မာဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) နှင့် ရခိုင့်တပ်မတော် (AA) တို့ပါဝင်သည့် "မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့" တခုဖွဲ့စည်း ဖြစ်ပေါ်စေသည်။

---

5 South China Morning Post , '"We can do nothing without peace": Aung San Suu Kyi vows ceasefire will be top priority', 4 January 2016, http://www.scmp.com/news/asia/southeast-asia/article/1897945/we-can-do-nothing-without-peace-aung-san-suu-kyi-vows

6 Kachin Women's Association Thailand , 'A far cry from peace: Ongoing Burma army offensives and abuses in northern Burma under the NLD government', 15 November 2016, http://kachinwomen.com/wp-content/uploads/2016/11/Far-Cry-From-Peace.pdf

အောက်တိုဘာလ စောစောပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မောင်းတောရှိနယ်ခြားစောင့်စခန်း ၃ခု တိုက်ခိုက်ခံရပြီး ရဲတပ်ဖွဲ့ဝင် ၉ ဦးသေဆုံးခဲ့ရသည့်နောက် အစိုးရတပ်များက သောင်းကျန်းသူဆန့်ကျင်ရေး တိုက်ခိုက်၊ ရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များကို မွတ်ဆလင်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါ အကြမ်းဖက်မှုကြောင့် ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းများအကြား တင်းမာမှုများ ဖြစ်ပေါ်စေသည်။ ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် မီးရှို့မှုများကို တပ်မတော်က ကျူးလွန်ခဲ့သည်ဟု အစီရင်ခံမှုများ ထွက်ပေါ်ခဲ့သော်လည်း အဆိုပါဒေသအတွင်း တပ်မတော်မှ နယ်မြေစိုးမိုး ရှင်းလင်းမှုလုပ်နေသည့်အတွက် အတည်ပြုနိုင်ရန် အခက်အခဲများရှိခဲ့သည်။ အထက်ပါအခြေအနေနှင့် ပတ်သက်ပြီး နိုင်ငံတကာမှ အပြင်းအထန်ဝေဖန်မှုကို ခံခဲ့ရသည်။

စက်တင်ဘာလတွင် ကရင်ပြည်နယ်အတွင်း ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) နှင့် နယ်ခြားစောင့်တပ် (BGF) တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

နှစ်ကုန်တွင်မူ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ယန်ဟီလီး ၏ လူ့အခွင့်အရေးအခြေအနေ ဆန်းစစ်ရေးခရီးစဉ်အတွင်း ရှမ်းပြည်မြောက်ပိုင်း၊ ကချင်နှင့်ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသများသို့သွားရောက်ရန် တားမြစ်ခံရသည်။ အထူးကိုယ်စားလှယ်၏ ခရီးစဉ်အပြီးတွင် ထုတ်ပြန်သည့် ကြေငြာချက်တွင် အစိုးရ၏ လူ့အခွင့်မှတ်တမ်းများအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီး "လူတဦးချင်းစီအနေဖြင့် ၎င်းတို့မည်သို့တွေ့ကြုံခဲ့ရသည်ကို လွတ်လပ်စွာ ထုတ်ဖော်ဝေငှရန်၊ စိတ်ထဲရှိသည့်အတိုင်း ပြောဆိုရန်နှင့် ကြောက်ရွံ့မှုမရှိဘဲ ငြိမ်းချမ်းစွာ နေထိုင်နိုင်သည့် လူ့အသိုင်း အဝိုင်းအဖြစ်သို့ ရောက်ရှိစေရန်အတွက် ခရီးရှည်ကြီးကို ချီတက်နေရဆဲဖြစ်ကြောင်း" ထုတ်ဖော် ပြော ဆိုခဲ့သည်[၇]။

ဩဂုတ်လတွင် ကျင်းပခဲ့သည့် ၂၁ ရာစုပင်လုံညီလာခံ၏ ပထမအကြိမ် အစည်းအဝေးများအပြီးတွင် ပဋိပက္ခများပြင်းထန်လာခြင်းက ယုံကြည်မှုနှင့် စိတ်စေတနာကောင်းများကို ဖျက်ဆီးပစ်ခြင်းနှင့်အတူ ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း ၂၀၁၆ ခုနှစ်အတွင်း ထိခိုက်၊ ကျိုးပဲ့လွယ်စေသည့် အခြေအနေသို့ ရောက်ရှိခဲ့ သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း ၂၀၁၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်တွင် (NCA) လက်မှတ်မရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်များအား လက်မှတ်ထိုးလာစေရေးအတွက် စစ်တပ်မှစစ်ရေးအရ ဖိအားပေးခြိမ်းခြောက်နေမှုနှင့် တိုင်းရင်းသား လက်နက်ကိုင်များမှ လက်မှတ်မထိုးမီ တွေ့ဆုံဆွေးနွေးပွဲများတွင် အားလုံးပါဝင်ရေးအတွက် တောင်းဆိုနေမှုတို့အကြား ထွက်ပေါက်ပိတ်နေပုံရသည်။

7 United Nations Information Center, Yangon, 'End of Mission Statement by Special Rapporteur on the situation of human rights in Myanmar', 20 January 2017, http://yangon.sites.unicnetwork.org/

## တရားမျှတမှု

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် ဥပဒေအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်နှင့် စစ်သားများမှာလည်း လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်နေသော်လည်း အပြစ်ပေးအရေးယူခံခြင်းမှ လွတ်ကင်းနေသည်။ ထို့အပြင် သြဇာအာဏာကြီးမားသည့် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေး ရာဝန်ကြီးနှင့် လွှတ်တော်အတွင်း အမတ်နေရာ ၂၅% အလိုအလျောက် ရရှိနေမှုက ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီး တပ်မတော်အား ဗီတိုအာဏာလုပ်ပိုင်ခွင့်ပေးထားသကဲ့သို့ဖြစ်နေသည်။ ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့သည့် "သမ္မတထမ်းဆောင်ခဲ့သူ၏လုံခြုံရေးဆိုင်ရာဥပဒေ" သည်လည်း နိုင်ငံခေါင်းဆောင်ဟောင်းများ ၎င်းတို့သက်တမ်းအတွင်း ကျူးလွန်ခဲ့မှုများအား တရားစွဲဆို ခြင်း မပြုနိုင်ရန် အာမခံပေးလိုက်ခြင်းဖြစ်သည်။

ခြွင်းချက်အနေဖြင့် သတိပြုမိသည်မှာ ဥပဒေအရ ကင်းလွတ်နေသည့် ယဉ်ကျေးမှု ထွန်းကားနေလင့်ကစား ရှမ်းရွာသားများအား သတ်ဖြတ်ခဲ့သည့် စစ်သား ၇ ဦးအား စစ်ခုံရုံးမှ ထောင်ဒဏ်အပြစ်ပေးခဲ့ သည်ကို ယခုနှစ်အတွင်း တွေ့ရခြင်းဖြစ်သည်။ သို့သော်လည်း နစ်နာခဲ့ရသူ အများစုနှင့် ၎င်းတို့၏မိသားစုများမှာ တရားမျှတမှုကို မရရှိနိုင်ကြသေးပေ။ မြန်မာ့တပ်မတော် စစ်သားများမှ မုဒိန်းကျင့်၊ သတ်ဖြတ်ခဲ့သည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ရသည့် ကချင်ဆရာမလေး ၂ ဦး၏ ၂နှစ်မြောက်နှစ်ပတ်လည်နေ့သည် ၂၀၁၇ခုနှစ် ဇန်ဝါရီလတွင် ကျရောက်မည်ဖြစ်သော်လည်း အစိုးရနှင့် စစ်တပ်မှ လက်သည်တရားခံကို တိတိကျကျ ဖော်ထုတ်နိုင်ခြင်းမရှိသေးပေ။

အစိုးရသစ်၏ ရက်ပေါင်း ၁၀၀ သည် မျှော်လင့်သလို ဖြစ်မလာသည့်နောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဖက်ဒရေး(FIDH)နှင့်စင်ပြိုင်အာဆီယံကွန်ရက်(ALTSEAN-Burma)တို့က ဇူလိုင်လတွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် "ပြုပြင်ပြောင်းလဲရေး နှောင့်နှေးကြန့်ကြာမှုသည် လူ့အခွင့်အ ရေးချိုးဖောက်မှုများ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ဆက်လက်ဖြစ်ပေါ်စေပြီး၊ လက်နက် ကိုင်တပ်ဖွဲ့များအကြား အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် အခြေအနေကို အားပေးရာ ရောက်နေသည်"[၈]ဟု ဖော်ပြထားသည်။

## စစ်ဘေးရှောင်များနှင့် လူသားချင်းစာနာသည့် အကူအညီများ တားဆီးခံရမှု။

မြန်မာနိုင်ငံတွင်း နေရာဒေသအချို့တွင် ပဋိပက္ခများ ကြီးမားကျယ်ပြန့်လာခြင်းကြောင့် စစ်ဘေးရှောင် ရွှေ့ပြောင်းအခြေချသူများ (IDPs) လည်း တိုးပွားလာသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ကုသသမဂရုံး (OCHA) ၏ သတင်းများအရ ၂၀၁၆၊ ဒီဇင်ဘာလတွင် ကချင်နှင့် ရှမ်းပြည်နယ်ရှိရွာများနှင့် ဒုက္ခသည်စခန်းများတွင် စစ်ပြေးဒုက္ခသည် ၉၈၀၀၀ ကျန်ရှိနေပြီး၊ ရခိုင်ပြည်နယ်တွင် ၁၂၀၀၀၀ ဦးရှိသည်။ ခန့်မှန်းခြေအရ ၈၀% မှာ အမျိုးသမီးနှင့် ကလေးများ ဖြစ်ကြသည်။

အဆိုပါ အရေအတွက်မှာ ၂၀၁၆ ခုနှစ်အတွင်း မကြာမီက ဖြစ်ပွားခဲ့သည့် စစ်ပွဲများကြောင့် ထွက်ပြေးလာရသူများ မပါဝင်သည့်အတွက် စစ်ပြေးဒုက္ခသည် စုစုပေါင်းအရေအတွက်ထက် လျော့နည်းနေသည်။ ထောင်နှင့်ချီသည့် စစ်ပြေးဒုက္ခသည်များ ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင်လည်း ကောင်း၊ နောက်ထပ် လူဦးရေ ၃၀၀၀၀ ခန့်သည် ရခိုင်ပြည်နယ်တွင်လည်း

8 Myanmar Times, 'Rights groups give NLD poor marks on party's '100 days' record', 13 July 2016 http://www.mmtimes.com/index.php/national-news/21347-rights-groups-give-nld-poor-marks-on-party-s-100-days-record.html

ကောင်း ရှိနေသေးသည်[၉]။

ပဋိပက္ခဖြစ်ပွားရာဒေသများကို အစိုးရက ထိန်းချုပ်ကိုင်တွယ်နေသည့်အတွက် စစ်ပြေးဒုက္ခသည် အရေအတွက်ကို အတိအကျ တွက်ချက်အတည်ပြုရန် မဖြစ်နိုင်ပေ။

ပဋိပက္ခဖြစ်ပွားရာဒေသများကို အစိုးရစစ်တပ်က ထိန်းချုပ်၊ ကိုင်တွယ်နေခြင်းသည် စစ်ပြေးဒုက္ခသည်များအား လူသားချင်းစာနာသည့် အကူအညီများ ဝေငှရန် ဆောင်ရွက်နေသည့်အကူအညီပေးရေး အဖွဲ့အစည်းများအတွက်လည်း အတားအဆီး၊ အဟန့်အတားဖြစ်စေသည်။ ထိုသို့တားဆီးနေမှုများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား ရည်ရွယ်ချက်ရှိရှိ ရိက္ခာဖြတ် တောက်ခြင်း၊ ရံပုံငွေဖြတ်တောက်ခြင်း၊ သတင်းအချက်အလက်နှင့် လူသစ်ရရှိမှု ဖြတ်တောက်ခြင်း စသည့် "ဖြတ်လေး ဖြတ်" ပေါ်လစီနှင့်အတူ ကျင့်သုံးနေခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ရိက္ခာပြတ်တောက်မှုများ အကြီးအကျယ် ဖြစ်ပေါ်နေခြင်းဖြစ်သည်[၁၀]။

## နိုင်ငံရေးအကျဉ်းသားများနှင့် စိစစ်ဖြတ်တောက်မှုများ

၂၀၁၆ခုနှစ် အကုန်တွင် နိုင်ငံရေးအကျဉ်းသား ၈၆ ဦး ထောင်ဒဏ်များ ကျခံနေရပြီး၊ ၁၀၇ ဦးမှာ နိုင်ငံရေးမှုဖြင့် တရားရုံးတင် စစ်ဆေးခံနေရသည်[၁၁]။

၂၀၁၅ နှစ်တွင် ထောင်ဒဏ်ကျခံနေရသူ ၁၂၉ ဦးရှိပြီး၊ နိုင်ငံရေးမှုဖြင့် တရားရုံးတင် စစ်ဆေးခံနေရသူ ၄၀၈ ဦးရှိသဖြင့် ၂၀၁၆ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသား လျော့နည်း သွားခြင်းဖြစ်သည်။ ထိုသို့အပြုသ ဘောဆောင် တိုးတက်မှုသည် NLD အစိုးရတက်လာသည့် ဧပြီလတွင် နိုင်ငံရေးအကျဉ်းသား ၂၃၅ ဦးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ခြင်း၏ ထင်ဟပ်မှုဖြစ်သည်။ သို့သော်လည်း အစိုးရသစ်လက် ထက်တွင် သတင်းသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် အရပ်သားပြည်သူများအား အသရေဖျက်မှု စွဲချက်ဖြင့် ထောင်ချခြင်းများ ချက်ခြင်းဆိုသလိုပြုလုပ်လာသည်။

လတ်တလောတွင် ၂၃ ဦးမှာ ၆၆(ဃ) ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲခြင်း ခံနေရပြီး ၂ ဦးမှာ ထောင် ဒဏ်ကျခံနေရသည်။ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် NLD ပါတီဝင်များကပါ ဝေဘန်သူများအပေါ်အ ဆိုပါ ဥပဒေကို တွင်တွင်ကျယ်ကျယ် အသုံးပြု၍ တရားစွဲနေသည်။

မတရားသင်း ဥပဒေပုဒ်မ ၁၇ (၁) အရ ၇၃ ဦးမှာ ထောင်ဒဏ်ကျခံနေရပြီး ၂၂ ဦးကျော်မှာ တရားရုံး တင် စစ်ဆေးခံနေရသည်။ အဆိုပါ ပုဒ်မသည် အထူးသဖြင့် တိုင်းရင်းသားများအပေါ် ဖိနှိပ်ရန် အသုံး ပြုနေခြင်းဖြစ်သည်။ ဥပမာအနေဖြင့် AAPP မှ မှတ်တမ်းတင်ထားသည့် အမှုတခုတွင် ကချင်လူငယ်၄၉ ဦးကို KIA မှပေးသည့် စစ်သင်တန်းတက်ရောက်သည်ဟုစွပ်စွဲကာ တပြိုင်နက်တည်း အောက်တို ဘာ ၇ ရက်နေ့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

9 OCHA, 2017 humanitarian response plan, 5 December 2016, p.11, http://reliefweb.int/sites/reliefweb.int/files/resources/2017_myanmar_hrp_final.002.pdf

10 For more information see ND-Burma's briefing 'Pawns in their game: The Blocking of humanitarian aid to Kachin and Shan IDPs', 22 December 2016, http://nd-burma.org/pawns-in-their-game-the-militarys-blocking-of-aid-to-idps-in-kachin-and-northern-shan-state/

11 Association for Assistance for Political Prisoners http://aappb.org/2017/01/monthly-chronology-of-december-2016-and-current-political-prisoners-list/

# ဖြစ်ရပ်မှန်များ

**(၁)မြန်မာ့တပ်မတော် စစ်သားများမှ ကချင်ရွာသားတဦးအား မတရားဖမ်းဆီး၊ ညှဉ်းပန်းနှိပ်စက်မှု**

> "ဒီလိုဖြစ်ရပ်မျိုး တခြားလူတွေ နောက်ထပ် မကြုံစေချင်ဘူး၊ ကျနော် ငြိမ်းချမ်းရေးကို လိုချင်တယ်။ အစိုးရအနေနဲ့ ဒီလိုဖြစ်ရပ်များ ထပ်မဖြစ်စေဖို့ အာမခံစေချယ်တယ်"
>
> ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်မှ ညှဉ်းပန်းနှိပ်စက်ခံရသူ။

မေလ ၁၄ ရက် ည ၁၀နာရီခန့်တွင် မြန်မာ့တပ်မတော်မှ စစ်သားများသည် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်တွင် နေထိုင်သည့် အသက် ၅၁ နှစ်ခန့်ရှိ လက်ထောက်သင်းအုပ်ဆရာ၏ အိမ်သို့ ရောက်ရှိလာပြီး KIA နှင့် ဆက်သွယ်မှုရှိသည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ သည်။ စစ်သားများသည် သင်းအုပ်ဆရာအား စစ်တပ်စခန်းချရာသို့ ခေါ်ဆောင်သွားပြီး ၃ ရက်ကြာ ညှဉ်းပန်းနှိပ်စက်ကြသည်။

သင်းအုပ်ဆရာကို မိုးရွာထဲ၊ မြေကြီးပေါ်တွင် ထိုင်ခိုင်းထားပြီး၊ စစ်သားများကသူ့ပါးအား ထပ်ကာ၊ ထပ်ကာ ရိုက်နှက်စစ်ဆေးကြသည်။ စစ်သားများက သူ့အား အိပ်စက်ခွင့်မပေးသည့်အပြင်၊ စားစရာမကျွေး၊ ရေပင်မတိုက်ကြဘဲ "လူသေ" ဖြစ်သည့်အတွက် ရေနှင့် စားစရာမလိုဟု ပြောကြသည်။ အသင်းအုပ်ဆရာသည် ဖမ်းဆီးခံရစဉ်အတွင်း လုံးဝအိပ်ခွင့်မရဘဲ စစ် သား ၄ ဦးက အလှည့်ကျစောင့် ကြပ်နေခဲ့သည်။ သင်း အုပ်ဆရာက KIA အကြောင်းဘာမှမသိပါ၊ဘုရား ကျောင်း အတွက်သာ အလုပ်လုပ်ပါသည်ဟု အကြိမ်ကြိမ်ပြောခဲ့သော်လည်း၊ ဝန်မခံလျှင် သတ်ပစ်မည်ဟု စစ်သားများက သူ့ကို ခြိမ်းခြောက်ကြသည်။ ဘုရားကျောင်းမှ တာဝန်ရှိသူနှင့် ဒေသခံတာဝန်ရှိသူတဦးရောက်လာပြီး အသင်းအုပ်ဆရာမှာ ဘုရားကျောင်းအတွက် အလုပ်လုပ်သူသာဖြစ်ပြီး KIA အတွက် အလုပ်လုပ်သူ မဟုတ်ကြောင်း ထောက်ခံပေးမှသာ လွတ်မြောက်လာခြင်းဖြစ် သည်။



မြန်မာစစ်တပ်စစ်သားများ၏ နှိပ်စက်ခံရပြီး မျက်နှာတွင် ဒဏ်ရာအနာတရရရှိခဲ့သူ ကချင်အမျိုးသားတစ်ဦး (ဓါတ်ပုံ KWAT)

ညှဉ်းပန်းနှိပ်စက်ခံရပြီးနောက် သင်းအုပ်ဆရာ၏ ဘယ်ဘက်နားမှာ မကြားရတော့ဘဲ၊ ဘယ်ဘက် မျက်စိဖြင့်လည်း ကြည့်ရှုရာတွင် အခက်အခဲရှိနေသည်။ ညှဉ်းပန်းနှိပ်စက်ခံရမှု ဒဏ်များကို လည်း ဆေးဝါး ကု သနေ ရသည်။

ဇွန်လ ၈ ရက်တွင် သူ့အိမ်သို့ ရဲများရောက်ရှိလာပြီး KIA အကြောင်း မေးခွန်းများ ထပ်မံမေးမြန်းသဖြင့် အိမ်တွင်တယောက်တည်း နေရမည်ကို စိုးရိမ်၊ ကြောက်လန့်နေသည်။

သူက "ဒီလိုဖြစ်ရပ်မျိုး တခြားလူတွေ နောက်ထပ် မကြုံစေချင်ဘူး၊ ကျနော် ငြိမ်းချမ်းရေးကို လိုချင်တယ်။ အစိုးရအနေနဲ့ ဒီလိုဖြစ်ရပ်မျိုး ထပ်မဖြစ်စေဖို့ အာမခံစေချင်တယ်"

ဖြစ်ရပ်မှန် (၂)

**ရှမ်းရွာသားတဦး မြန်မာ့တပ်မတော် စစ်သားများ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားပြီး သူ၏မိသားစုမှာလည်း ဒဏ်ရာအသီးသီးရရှိသွားသည်။**

မတ်လ ၁၀ ရက်နေ့ နံနက်စောစောတွင် မြန်မာ့တပ်မတော်စစ်သားများသည် တအာန်း လွတ်မြောက် ရေးတပ်မတော် (TNLA) နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည့် ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင် ဟိုတပ်ရွာသို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် ရွာသားတဦးသည် သူ၏ဇနီး၊ ကလေး ၂ ယောက်၊ သူ့အမေ၊ အဖိုး၊ အဖွားတို့နှင့် အတူရှိနေသည်။ အဆိုပါရွာသားသည် သူ့မိသားစု လုံခြုံရေးအတွက် စိတ်ပူပြီးအပြင်သို့ထွက်ကြည့်ရာစစ်သားများ၏ပစ်ခတ်ခြင်းခံရပြီးအိမ်အပြင်တွင်သေဆုံးသွားသည်။

သေဆုံးသူရွာသား၏ အဖိုး၊ အဖွားများမှာလည်း အိမ်ထဲမှ ထွက်ပြေးရာ သေနတ်ပစ်ခံရပြီး ဒဏ်ရာရရှိသွားသည်။ ထို့နောက် စစ်သားများက အိမ်အတွင်းသို့ ပစ်ခတ်ရာ အဆိုပါရွာသား၏ မိခင်မှာ လည်း နံရံ ကို ဖောက်ထွက်လာသည့် ကျည်ထိမှန်သွားသည်။

အခင်းဖြစ်ပွားပြီးနောက်စစ်သားများသည်ရွာသားများကိုဖမ်းဆီးထားပြီးငှင်းတို့အိမ်များတွင် TNLA စစ်သားများ ရှိ၊ မရှိ ရှာဖွေခဲ့သည်။ စစ်သားများ ရွာတွင်းမှ ထွက်ခွာမသွားမီ သေဆုံးသွားသည့် ရွာသား ၏အိမ်မှ အမဲလိုက်သေနတ် ၃ လက်နှင့် ဖုန်းတလုံးကို သိမ်းဆည်းသွားသည်။

ဖြစ်ရပ်မှန် (၃)

**ရှမ်းပြည်မြောက်ပိုင်းတွင် ကချင်ရွာသားများ၏ အိမ်ကို မြန်မာ့တပ်မတော် စစ်သားများက မီးရှို့ပစ်ကြ ခြင်း။**

မေလ ၂၂ ရက်နေ့တွင် မြန်မာ့တပ်မတော်၊ ပြည်သူ့စစ်များနှင့် KIA တပ်ဖွဲ့တို့ ရှမ်းပြည် မြောက်ပိုင်း ကျောက်မဲခရိုင်၊ မန်ပြင်ရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ညနေ ၅ နာရီခွဲတွင် ကြံတောင် သူများဖြစ်သည့် အ သက် ၄၁ နှစ်နှင့် ၄၅ နှစ်ရှိ ကချင်လင်မယား၏အိမ်ကိုစစ် တပ်ကမီးရှို့လိုက်ကြသည်။ နောက်တရက်တွင် အိမ် နီးချင်းဖြစ်သည့် အသက် ၃၆ နှစ်အရွယ်ရှိ ကြံနှင့် ပြောင်း ဖူးတောင်သူ ကချင်လင်မယား၏ အိမ်ကိုမီးရှို့ ပြန်သည်။ အိမ်ရှင်များ၏ ပိုင်ဆိုင် မှုအကုန်လုံးမီးထဲပါသွားသည်။ နစ်နာခဲ့ရ သူများ၏ အပြောအရ ဧပြီလ အတွင်း KIA နှင့် တိုက်ပွဲတွင် စစ်သား ၂ ဦး ကျဆုံးသွားပြီးနောက် စစ်ဆင်ရေး တပ်မှူးက ရွာကိုမီးရှို့ပစ်မည်ဟု ခြိမ်း ခြောက်ခဲ့သည်။

> "ကျနော်တို့ ရွာကိုပြန်ဖို့ ကြောက်နေကြပါတယ်။ ဘာလို့လဲဆိုတော့နောက် တခါ ဒီလို ထပ် ဖြစ်မှာစိုးလို့ပါ။ အခုလိုဖြစ်ပျက်ခဲ့တာတွေနဲ့ပတ်သက် ပြီး အစိုးရအနေနဲ့ တာဝန်ယူစေချင်ပါ တယ်"
>
> ရှမ်း ပြည်မြောက်ပိုင်း ကျောက်မဲခရိုင်ရှိ နေအိမ်မီးရှို့ခံရသူတဦး။

ပထမဆုံး အိမ်မီးရှို့ခံရသည့် လင်မယားနှင့် ကလေးများမှာ အိမ်နီးချင်း၏ မြေကွက်လပ်တွင် နေထိုင်ပြီး၊ အသက်ရှင်ရပ်တည်ရေးအတွက် ပုဂ္ဂလိကနှင့်ဒေသခံ အကူအညီပေးရေးအဖွဲ့များ၏ လှူဒါန်းမှုအပေါ် မှီခိုနေ ရသည်။ သူတို့နေထိုင်သည့် ကွင်းပြင်မှာလည်း ရေပြည့် နေပြီး ကလေးများမှာ

အင်းဆက်ပိုးမွှားများ ကိုက်သည့် ဒဏ် ခံစားနေရကာ ကျောင်းလည်း မသွားနိုင်ပေ။

ယခုတကြိမ်သည် စစ်ကြောင့်ရွာသားများ ၎င်းတို့နေရာမှ ဒုတိယအကြိမ် ရွှေ့ပြောင်းနေထိုင်ရခြင်းဖြစ် သည်။ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာ့တပ်မတော်နှင့် KIA တို့ တိုက်ပွဲများဖြစ်ပြီးနောက် မိသားစုများ ပန်ဝါသို့ ထွက်ပြေးကြရပြီး တာပေါ်လင် ရွက်ဖျင်တဲဖြင့် သုံးလခန့် နေထိုင်ခဲ့ကြရသည်။



မြန်မာစာစစ်တပ် စစ်သားများက မီးရှို့ခဲ့သော အိမ်၊ မုန်းကိုးမြို့ ရှမ်းပြည်နယ်။
(ဓါတ်ပုံ KWAT)

ပထမဆုံးအိမ်မီးရှို့ခံရသည့်လင်မယားမှာမြန်မာပြည်တွင်းနေထိုင်ရန်လုံခြုံမှုမရှိတော့သဖြင့် တရုတ်ပြည်တွင် အခြေချလို သော်လည်း တရုတ်စစ်တပ်မှ ၎င်းတို့အား နယ်စပ်သို့ ပြန်မောင်း ထုတ်ခဲ့သည်။

ဒုတိယမီးရှို့ခံရသည့်လင်မယားမှာလည်းကလေး၄ယောက်ရှိပြီး ကွင်းပြင်ထဲတွင် ယာယီနေထိုင်လျှက်ရှိကာ စားဝတ်နေရေးအတွက် အလှူရှင်များအပေါ်မှီခိုနေရသည်။ ၎င်းတို့ကပြောသည်မှာ “စစ်ပွဲတွေ ရပ်ဆိုင်းနေတာတောင်မှ ကျနော်တို့ ရွာပြန်ဖို့ ကြောက်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်တကြိမ် ဒီလို မျိုးထပ်ဖြစ်မှာစိုးလို့ပါ။ အစိုးရအနေနဲ့ အခုဖြစ် ရပ် တွေအပေါ်တာဝန် ယူစေ ချင်ပါတယ်”

# နိဂုံး

NLDပါတီ၏ရွေးကောက်ပွဲအောင်နိုင်မှုနှင့်အတူ၅၄နှစ်အတွင်းပထမဆုံးအကြိမ်အရပ်သား အစိုးရအဖြစ် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ တိုင်းရင်းသားဒေသများတွင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ပဋိပက္ခများ ကြီးများကျယ်ပြန့်လာမှုနှင့်အတူ ကြောက်မက်ဖွယ်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်ခဲ့သော်လည်း နှစ်ဖက်စလုံးမှ ငြင်းပယ်ခဲ့သည်။ စစ်တပ်မှ ပဋိပက္ခ ဖြစ်ပွားရာ ဒေသများကို ပိတ်ဆို့ထားမှုကြောင့်ပို၍ကြမ်းမာ အနေဖြင့် အမှန်တကယ်ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက်အတိုင်းသာ လျှပ်တပြက် မှတ်တမ်းတင်နိုင်ခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာပြည်လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ယန်ဟီလီ၏ ခရီးစဉ်အပြီးတွင် ထုတ်ပြန်သည့် ကြေငြာချက်တွင် "ယခုခရီးစဉ်အတွင်း မြန်မာပြည်ရှိ သာမန်ပြည်သူများနှင့် စကားပြောကြည့်ရာတွင် နိုင်ငံတဝှန်း အထွေထွေရွေးကောက်ပွဲ ရလဒ်အပေါ် အားရဝမ်းသာဖြစ်နေမှုသည် တနှစ်ကြာပြီးသည့်အခါ ပြည်သူများ၏ အကောင်းမြင်မှုနှင့် မျှော်လင့်ချက်များ တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်လာသည်ကို ဝမ်းနည်းစွာတွေ့မြင်ရခြင်းဖြစ်သည်" ဟု ဖော်ပြထားသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာသည်ဟု စွပ်စွဲမှုအပေါ် နှုတ်ဆိတ်နေသည်ဟု ဝေဘန်မှု များခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်အပေါ် မျှော်လင့်အားထားမှုများ မှေးမှိန်လာပြီး၊ အကျိုးဆက်အနေဖြင့် မြန်မာပြည်သည် အခြေအနေဆိုးများဖြင့် ၂၀၁၇ သို့ ကူးပြောင်းခဲ့ရသည် ဟု ဆိုကာ တချို့က သူမအပေါ် ဝေဘန်ကြသည်။ မြန်မာ့တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ် တပ်ဖွဲ့တို့အကြား မုံးကိုးဒေသတွင် မကြာသေးမီက အပြင်းအထန်ဖြစ်ပွားခဲ့သည့် တိုက်များအကြောင်း သတင်းထောက်များအား ရှင်းလင်းပြောပြခဲ့သည့် ကချင်သင်းအုပ်ဆရာ ၂ ဦးမှာ ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခြင်း ခံနေရ သည်။

ရောဝတီတိုင်း ပုသိမ်မြို့တွင်လည်း စစ်ဆန့်ကျင်ရေး ပြဇာတ်ကခဲ့သည့် အထက်တန်းကျောင်းသား ၄ ဦးအပါအဝင် ကျောင်းသား ၉ ဦးအား အသရေဖျက်မှုဖြင့် စစ်တပ်မှ တရားစွဲခဲ့သည်။ တပ်မတော်၏ အပြင်းအထန်ထိုးစစ်ဆင်ခြင်းခံနေရသည့်အတွက် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပရန်စီစဉ်နေသည့် ဒုတိယအကြိမ်မြောက် ပင်လုံညီလာခံကို သပိတ်မှောက်၊ တက်ရောက်မည်မဟုတ်ဟု NCA စာချုပ် အား လက်မှတ်မရေးထိုးထားသည့် EAOs များမှ ထုတ်ဖော်ပြော ဆိုထားသည်။

စစ်တပ်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာကို ဆက်လက် ဆုပ်ကိုင်ထားနိုင်ပြီး ပြည်သူလူထုအနေဖြင့် အထင်အမြင်လွဲမှား၍ သတ်ဖြတ်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း သို့မဟုတ် အိုးအိမ်ဆုံးရှုံးရခြင်း သို့မဟုတ် ပဋိပက္ခဖြစ်ပွားရာဒေသတွင် နေထိုင်ရခြင်းတို့အပေါ် ကြောက်ရွံ့ စိုးရိမ်ရန်မလိုသည့် ရင့်ကျက်၊ ပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် ပေါ်ထွန်းလာမှုကိုတားဆီး ဟန့်တား လျှက်ရှိသည်။

ND-Burma မှ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရာတွင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများမှ ထပ်ကာ၊ ထပ်ကာပြောဆိုသည်မှာ ၄င်းတို့တွေ့ကြုံခံစားခဲ့ရသည့် ဒုက္ခများကို အစိုးရအနေဖြင့် အသိအမှတ်ပြုရန်နှင့် နောက်နောင်တွင် အလားတူဆိုးကျိုးများ မည်သူ့အပေါ်တွင်မျှ ထပ်မံမကျူး

လွှန်စေရေးအတွက် အာမခံပေးရန်ဖြစ်သည်။ သို့သော်လည်း စစ်တပ်အားအရေးယူခြင်းမှ လွတ်ကင်းခွင့်ပြု ထားပြီး၊ စစ်သားများအား လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်ခွင့်ပြုထားကာ အရေးယူခြင်းမှ ကင်းလွတ်စေ သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် နစ်နာခဲ့သူတို့၏ ဆန္ဒကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပါ။

NLD အနေဖြင့် အစိုးရတရပ်အဖြစ် ဖွဲ့စည်းပြီးနောက် ဒေါ်အောင်ဆန်းစုကြည် ကတွေ့ဆုံ မေးမြန်းမှု အတော်များများတွင် သူမတို့အစိုးရအနေဖြင့် အတိတ်တွင်သာ ကျန်နေခဲ့မည် မဟုတ်ပဲ၊ အနာဂတ်နှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း အတိတ်ကာလတွင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအနေဖြင့် ၎င်းတို့ နစ်နာဆုံးရှုံးခဲ့ရမှုများကြောင့် အနာဂတ်ကို ၎င်းတို့ကိုယ်တိုင် တည်ဆောက်နိုင်မည် မဟုတ်ပါ။ ညှဉ်းပန်းနှိပ် စက်ခံရသူများအနေဖြင့် အလုပ်မလုပ်နိုင်တော့ခြင်း သို့မဟုတ် ဆေးဝါးကုသရန်လို အပ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက် ကျူးလွန်ခံရသူများမှာလည်း ကျွမ်းကျင်သူများထံမှ စိတ်ပိုင်းဆိုင်ရာကုသမှု ခံယူရန် လိုအပ်နေသည်။

နစ်နာခဲ့သူများသည် ၎င်းတို့ တွေ့ကြုံခံစားခဲ့ရမှုများကို အသိအမှတ်ပြုပေးရန် လိုလားကြသည်။ သို့မဟုတ်ပါက အလားတူချိုးဖောက်မှုမျိုး အနာဂတ်တွင် ထပ်မံမဖြစ်ပွားစေရန်အတွက် ယုံကြည်ကြမည်မဟုတ်ပါ။ လွန်ခဲ့သည့်နှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ များစွာဖြစ်ပေါ်နေခြင်းက ဖော်ပြနေသည်မှာ ဆိတ်ဆိတ်နေခြင်း၏ ရလဒ်အဖြစ် အနိဋ္ဌာရုံများ အဖန်တလဲလဲဖြစ်ပွားခြင်းဖြစ်သည်။ ထိုသို့ဖြစ်နေမှုက ရေရှည်တည်တံ့မည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ရရှိရန် မဖြစ်နိုင်ပေ။

ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားဒေသများအတွင်း ထိုးစစ်ဆင်မှုကို ရပ်စဲပြီး၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အားလုံးပါဝင်နိုင်အောင် လမ်းဖွင့်ပေးကာ၊ မြန်မာပြည်ရှိ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ ဒဏ်ရာအနာတရများကို သက်သာပျောက်ကင်း ကျေနပ်မှုရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ် သည်။

## နောက်ဆက်တွဲများ

### *နောက်ဆက်တွဲ (၁) လစဉ်အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများ (ဇန်နဝါရီ- ဒီဇင်ဘာ ၂၀၁၆)*

| လစဉ်နှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ညှင်းပမ်းနှိပ်စက်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန္နဝါရီ | | ၁ | | | | ၂ | ၂ | ၂ | | | ၃ | ၁ | ၁ | ၁ | ၁၃ |
| ဖေဖော်ဝါရီ | | ၃ | | | | ၁ | | | | | | ၅ | | | ၉ |
| မေ | ၃ | | | ၃ | | | ၃ | | | ၁ | ၁ | ၂၉ | ၁ | | ၄၁ |
| ဇွန် | ၅ | ၂ | ၄ | ၁ | ၆ | | ၁၀ | | | | ၁ | ၅ | | ၁ | ၃၅ |
| ဇူလိုင် | | ၂ | | | | | ၄ | | | | ၁ | | | | ၇ |
| သြဂုတ် | | | ၁ | | | | ၂ | | | | ၁ | ၂၁ | | | ၂၅ |
| စက်တင်ဘာ | ၄ | ၂ | | | | | ၁ | | | | | ၂ | | | ၉ |
| ဒီဇင်ဘာ | | ၁ | ၂ | ၁ | | | ၆ | | | | ၁ | ၄ | | | ၁၅ |
| စုစုပေါင်း | ၁၂ | ၁၁ | ၇ | ၅ | ၆ | ၃ | ၂၈ | ၂ | | ၁ | ၈ | ၆၇ | ၂ | ၂ | ၁၅၄ |

## နောက်ဆက်တွဲ (၂) ပြည်နယ်တိုင်းဒေသအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန်နဝါရီ - ဒီဇင်ဘာ ၂၀၁၆)

| ပြည်နယ်/ တိုင်းနှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ညှင်းပမ်းနှိပ်စက်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဧရာဝတီတိုင်း | | | | | | ၁ | | | | | ၅ | | | ၆ |
| ဒေသကြီး | | | | | | | | | | | | | | |
| ကချင်ပြည်နယ် | | ၁ | ၂ | | | | ၃ | | | ၁ | ၆ | | | ၁၃ |
| ကရင်ပြည်နယ် | | | | | | | | | | ၂ | ၁ | | | ၃ |
| မန္တလေးတိုင်း ဒေသကြီး | | | | | | | ၁ | | | | ၃ | | | ၄ |
| မကွေးတိုင်းဒေသကြီး | | | | | | | | | | | ၁ | | | ၁ |
| မွန်ပြည်နယ် | | ၁ | | | | ၁ | ၁ | ၂ | | ၁ | ၃ | | ၁ | ၁၀ |
| ပဲခူးတိုင်း ဒေသကြီး | | | | | | ၁ | | | | | ၁၂ | ၁ | | ၁၄ |
| ရန်ကုန်တိုင်း ဒေသကြီး | | | | | | | | | | | ၁၃ | | | ၁၃ |
| ရှမ်းပြည်နယ် | ၁၂ | ၆ | ၅ | ၅ | ၆ | | ၂၂ | | ၁ | ၄ | ၂၂ | ၁ | ၁ | ၈၅ |
| တနင်္သာရီတိုင်း ဒေသကြီး | | ၃ | | | | | ၁ | | | | ၁ | | | ၅ |
| စုစုပေါင်း | ၁၂ | ၁၁ | ၇ | ၅ | ၆ | ၃ | ၂၈ | ၂ | ၁ | ၈ | ၆၇ | ၂ | ၂ | ၁၅၄ |

## နောက်ဆက်တွဲ (၃)အစဉ်အလိုက်ပြည်နယ်/တိုင်းဒေသကြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဇန်နဝါရီ-ဒီဇင်ဘာ ၂၀၁၆)

| လစဉ်နှင့်ပြည်နယ်/တိုင်း အလိုက် | ဧရာဝတီတိုင်းဒေသကြီး | ကချင်ပြည်နယ် | ကရင်ပြည်နယ် | မန္တလေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မွန်ပြည်နယ် | ပဲခူးတိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | ရှမ်းပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ဇန္နဝါရီ | | | ၂ | | | ၇ | ၂ | | ၁ | ၁ | ၁၃ |
| ဖေဖော်ဝါရီ | ၃ | | | | ၁ | | ၁ | ၁ | | ၃ | ၉ |
| မေ | ၂ | ၂ | | ၂ | | ၂ | ၃ | ၈ | ၂၁ | ၁ | ၄၁ |
| ဇွန် | | | | | | | | | ၃၅ | | ၃၅ |
| ဇူလိုင် | | ၃ | | | | | | | ၄ | | ၇ |
| သြဂုတ် | ၁ | ၃ | ၁ | ၁ | | ၁ | ၈ | ၄ | ၆ | | ၂၅ |
| စက်တင်ဘာ | | ၁ | | | | | | | ၈ | | ၉ |
| ဒီဇင်ဘာ | | ၄ | | ၁ | | | | | ၁၀ | | ၁၅ |
| စုစုပေါင်း | ၆ | ၁၃ | ၃ | ၄ | ၁ | ၁၀ | ၁၄ | ၁၃ | ၈၅ | ၅ | ၁၅၄ |

GPO 315
Chiang Mai 50000
Thailand
+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org

Network for Human Rights Documentation - Burma
ND - Burma